## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။

(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ကောင်စီဥပဒေမှတ် ၁၄။]

## နိဒါန်း

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဆိုရှယ်လစ် စီးပွားရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ လူမှုရေး စနစ်များကို တည်ဆောက်လျက်ရှိရာ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အခြေခံပညာရေး စနစ်သည်၊ ယင်းသို့ တည်ဆောက်နေသော ဆိုရှယ်လစ် စီးပွားရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးနှင့် လူမှုရေးတို့ကို ခိုင်မြဲဖိုးတက် မြင့်မားလာအောင် အထောက်အကူပြုသည့် စနစ်သစ်ဖြစ်ရန် လိုအပ်သောကြောင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်၊ အောက်ဖော်ပြပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁

## အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို၊ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည်၊ ပညာရေး တက္ကသိုလ်မှ ပညာရေးဘွဲ့၊ သို့မဟုတ် ဒီပလိုမာ ဆရာအတတ်သင်တန်း မဟုတ်သည့် အခြေခံပညာကို သင်ကြားပေးရမည့် ဆရာအတတ်သင်တန်းပေးရေး၊ အခြေခံပညာကို သင်ကြားပေးသော ဆရာများ၏ ပညာအရည်အချင်း သတ်မှတ်ရေး၊ မှတ်ပုံတင်ရေး၊ ဆရာအလုပ် ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်စည်းပေးရေး၊ ပြည်ထောင်စု မြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို သင်ကြားခွင့် ရရှိအောင် အစိုးရအပြင် ပြည်သူလူထုပါ ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများ စီစဉ်သတ်မှတ်ရေး၊ သင့်တော်သောအချိန်တွင် သင့်တော်သော ပညာအဆင့်အတန်းအထိ အခြေခံပညာကို မသင်မနေရ ပြဋ္ဌာန်းရေးတို့နှင့် အကျုံးဝင်စေရမည်။

(ဂ) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံးတွင် ချက်ခြင်း အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပါယ် သက်ဝင်စေရမည်။

(က) "ဤဥပဒေ" ဆိုသည်မှာ၊ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေကို ဆိုသည်။

(ခ) "အခြေခံ ပညာရေး ကောင်စီ" ဆိုသည်မှာ ပုဒ်မ ၅ (က) အရ ဖွဲ့စည်းသည့် ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံ ပညာရေး ကောင်စီကို ဆိုသည်။

(ဂ) "သင်ရိုးညွှန်းတမ်း" ဆိုသည်မှာ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် ပညာရေး ရည်မှန်းချက်များ အောင်မြင်စေရန် ရည်စူးလျက် ကျောင်းတွင်းကျောင်းပြင် သင်ကြား လေ့ကျင့်ပေးသည့် ကျောင်းသင် ဘာသာရပ်များနှင့် ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှု လုပ်ငန်းများကို စုပေါင်းဆိုခြင်း ဖြစ်သည်။

(ဃ) "သင်ရိုးမာတိကာ" ဆိုသည်မှာ ကျောင်းသင် ဘာသာရပ် တခုစီအတွက်လည်းကောင်း၊ ပညာရေး လက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်း တခုစီအတွက်လည်းကောင်း သင်ခန်းစာ အသေးစိတ် အစီအစဉ်ကို ဆိုသည်။

(င) "ပညာရေး လက်တွေ့ ဖွံ့ဖြိုးမှု လုပ်ငန်း" ဆိုသည်မှာ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် ပညာရေး ရည်မှန်းချက်များ အောင်မြင်စေရန် ကျောင်းသင် ဘာသာရပ်များ သင်ကြားပေးမှုနှင့် တွဲဖက်လျက်ကျောင်းတွင်းကျောင်းပြင်၊ ကျောင်းချိန်အတွင်း၊ ကျောင်းချိန် အပတို့၌ စနစ်တကျ သင်ကြားပေးသည့် ပညာရေးလုပ်ငန်း အစီအစဉ် တရပ်လုံးကို ဆိုသည်။

(စ) "ကျောင်း" ဆိုသည်မှာ အစိုးရက လည်းကောင်း၊ အစိုးရ၏ ခွင့်ပြုချက်အရ ဒေသဆိုင်ရာ အဖွဲ့အစည်းတခုခုက လည်းကောင်း ဖွင့်လှစ်၍ အစိုးရက ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အတိုင်း ပညာသင်ကြားပေးရာ ဌာနကို ဆိုသည်။

(ဆ) "အခြေခံပညာ" ဆိုသည်မှာ အလုံးစုံ ပညာမှစ၍ သီးခြားအသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းတွင် အသက်မွေး ဝမ်းကျောင်း ပညာတခုခုကို သင်ကြားရန်အတွက် လည်းကောင်း၊ တက္ကသိုလ်တွင် ပညာဆက်လက် ဆည်းပူးရန်အတွက် လည်းကောင်း နိုင်ငံသူ နိုင်ငံသားတိုင်း တတ်အပ်သော ပညာ အခြေခံအဖြစ် အစိုးရက အခါအားလျော်စွာ သတ်မှတ်သော ပညာကို ဆိုသည်။

(ဇ) "ဆရာ" ဆိုသည်မှာ အစိုးရက အခြေခံ ပညာရေးအတွက် သတ်မှတ်ထားသော သင်ရိုး ညွှန်းတမ်းတွင် ပါဝင်သည့် ဘာသာရပ်များ အနက် ဘာသာရပ် တခုကိုဖြစ်စေ၊ တခုထက် ပို၍ဖြစ်စေ ကျောင်း၌ သင်ကြားပို့ချပေးသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဈ) "ကျောင်းသုံး စာအုပ်" ဆိုသည်မှာ ကျောင်းများနှင့် ဆရာအတတ်သင် ကျောင်းများတွင် အသုံးပြုရန် ဤဥပဒေအရ ဖွဲ့စည်းသော အခြေခံ ပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာနှင့် ကျောင်းသုံးစာအုပ် ကော်မီတီက ထုတ်သည့် သို့မဟုတ် အသိအမှတ်ပြုလျက် ပြဋ္ဌာန်းထားသည့် စာအုပ်ကို ဆိုသည်။

(ည) "ဆရာ အတတ်သင်ကျောင်း" ဆိုသည်မှာ ပညာရေး တက္ကသိုလ်မှ ပညာရေးဌာန သို့မဟုတ် ဦးစီးမှူး ဆရာအတတ်သင်သင်တန်း) မဟုတ်သည့် အစိုးရက အမြဲတမ်းဆိုအဖြစ် သင်ကြားပေးသော သင်တန်းထိ အခြေခံပညာ

ကို၊ သို့မဟုတ် အစိုးရက အခြားသီးသန့် သတ်မှတ်ပေးသည့် ဘာသာရပ်များကို သင်ကြားပေးနိုင်ရန် ဆရာအတတ်ကို လေ့ကျင့် သင်ကြားပေးသည့် အစိုးရက ဖွင့်ထားသော သိပ္ပံ၊ သို့မဟုတ် ကျောင်းကိုဆိုသည်။

## အခန်း ၂

## ရည်မှန်းချက်များ

၃။ အခြေခံပညာရေး၏ အဓိကရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်စေမည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာတတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် ကာယဉာဏလုပ်သားများ ဖြစ်လာစေရန်၊

(ခ) မြန်မာ့ဆိုရှယ်လစ်စနစ် သဘောတရားကို သိနားလည်ပြီး သက်ဝင်ယုံကြည်၍ ခိုင်မာသော ခံယူချက်ဖြင့် မြန်မာ့ဆိုရှယ်လစ် လူ့ဘောင်ကို တည်ဆောက် ထိန်းသိမ်း သွားနိုင်စွမ်း ရှိသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသော ပြည်ထောင်စု မြန်မာနိုင်ငံသားများ ဖြစ်ထွန်းလာစေရန်၊

(ဂ) မြန်မာ့ဆိုရှယ်လစ် လူ့ဘောင် တည်ဆောက် ထိန်းသိမ်းမှု အတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်း ပညာကို သင့်တော်သောအဆင့်မှ လမ်းပြောင်း သင်ကြားပေးရန် အတွက် အခြေခံများ ချမှတ်ပေးရန်၊

(ဃ) ကုန်ထုတ်လုပ်မှု စွမ်းအား တိုးတက်ရေးနှင့် ထက်မြက်ရေး အတွက် အထောက်အကူပြုရမည့် သိပ္ပံပညာကို ဦးစားပေးရန်၊

(င) နိုင်ငံတော်၏ ယဉ်ကျေးမှု အနုပညာ စာပေ ထိန်းသိမ်းရေးနှင့် တိုးတက်ရေးအတွက်၊ ဝိဇ္ဇာပညာကိုလည်း ဦးစားပေးရန်၊

(စ) တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားနိုင်ရေး အတွက် ခိုင်မြဲသော ပညာအခြေခံ တည်ဆောက်ပေးရန်။

## အခန်း ၃

## ပညာအဆင့်အတန်းနှင့် ကျောင်းအဆင့်တန်းခွဲခြင်း

၄။ (က) အခြေခံပညာကို အောက်ပါအတိုင်း သုံးဆင့်ခွဲ၍ သတ်မှတ်ရမည်။

(၁) မူလတန်းအဆင့်၊

(၂) အလယ်တန်းအဆင့်၊

(၃) အထက်တန်းအဆင့်၊

(ခ) (၁) မူလတန်း အဆင့်တွင် သာမန်အားဖြင့် တတန်းလျှင် တနှစ်တာစီ သင်ကြားရသည့် ပညာသင်နှစ် ငါးနှစ် သင်ကြားရမည့် အတန်းငါးတန်း ရှိစေရမည်။ မူလတန်းအဆင့် ကျောင်းဝင်ခွင့်အသက်အကန့်အသတ်ကို အစိုးရက အခါအားလျော်စွာ သတ်မှတ်ပေးရမည်။

(၂) အလယ်တန်း အဆင့်တွင် သာမန်အားဖြင့် တတန်းလျှင် တနှစ်တာစီ သင်ကြားရသည့် အတန်း လေးတန်း ရှိစေရမည်။

(၃) အထက်တန်း အဆင့်တွင် သာမန်အားဖြင့် တတန်းလျှင် တနှစ်တာစီ သင်ကြားရသည့် အလယ်တန်း အဆင့် ပြီးဆုံးပြီးနောက် အခြေခံ ပညာရေး ကုန်ပြီဟု အစိုးရက သတ်မှတ်သောအတန်းထိ သင်ကြားရမည့် အတန်းများ ရှိစေရမည်။

(ဂ) (၁) မူလတန်းအဆင့် အတန်းများရှိ ကျောင်းကို မူလတန်းကျောင်းဟုလည်းကောင်း၊

(၂) မူလတန်း အဆင့်ပါသည့်၊ သို့မဟုတ် မပါသည့် အလယ်တန်း အဆင့် အတန်းများရှိ ကျောင်းကို အလယ်တန်း ကျောင်းဟုလည်းကောင်း၊

(၃) မူလတန်း အဆင့်ပါသည့်၊ သို့မဟုတ် မပါသည့် အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့် တန်းများရှိ ကျောင်းကိုအထက်တန်းကျောင်းဟုလည်းကောင်း ခေါ်တွင်စေရမည်။

## အခန်း ၄

## အခြေခံပညာရေး ကြီးကြပ်မှု

၅။ ။(က) အစိုးရသည်၊ မိမိ၏ကိုယ်စား အခြေခံပညာ သင်ကြားမှုကို ကြီးကြပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံ ပညာရေး ကောင်စီကို ဖွဲ့စည်းရမည်။

(ခ) အခြေခံပညာရေးကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(၁) ပညာရေးဝန်ကြီး .... .... ဥက္ကဋ္ဌ။

(၂) ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန .... ဒုတိယဥက္ကဋ္ဌ။

(၃) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ .... .... အဖွဲ့ဝင်။

(၄) စိမ်ကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဌာနမှ ကိုယ်စားလှယ် တစ်ဦး .... .... အဖွဲ့ဝင်။

(၅) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီး ဌာန .... .... အဖွဲ့ဝင်။

(၆) ညွှန်ကြားရေးမှူးချုပ်၊ အဆက်တန်း ပညာဦးစီးဌာန .... .... .... အဖွဲ့ဝင်။

(၇) ညွှန်ကြားရေးမှူးချုပ်၊ စက်မှု သက်မွေး ပညာဦးစီးဌာန .... .... အဖွဲ့ဝင်။

(၈) ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ အဖွဲ့ဝင်

(၉) ပါမောက္ခချုပ်၊ ပညာရေး တက္ကသိုလ် .... အဖွဲ့ဝင်။

(၁၀) ညွှန်ကြားရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ .... .... အဖွဲ့ဝင်။

(၁၁) အစိုးရခန့်ပုဂ္ဂိုလ်များ .... .... အဖွဲ့ဝင်။

(၁၂) ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)၊ အခြေခံ ပညာဦးစီးဌာန .... .... အတွင်းရေးမှူး။

(၁၃) ဒုတိယ ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)၊ အခြေခံပညာဦးစီးဌာန .... .... တွဲဖက်အတွင်းရေးမှူး။

(ဂ) အခြေခံ ပညာရေး ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ၊ အောက်ပါ အတိုင်းဖြစ်စေရမည်။

(၁) အောက်ပါကိစ္စ အဝဝတွင် နိုင်ငံတော် ပညာရေးဝါဒနှင့်ကိုက်ညီသည့် လမ်းညွှန်မှုများ ချမှတ်ပေးရန်။

(က) အခြေခံပညာ သင်ကြားပေးရေးကိစ္စ၊ ထိုကိစ္စကို အသက်မွေး ဝမ်းကျောင်း ပညာရေး၊ တက္ကသိုလ် ပညာရေးတို့နှင့် ဟပ်မိအောင် စီစဉ် ပေးရေး ကိစ္စ။

(ခ) ဆရာ အတတ်သင်ကိစ္စ။

(ဂ) အလုပ်ခွင်ရှိ ဆရာများ၏ အရည်အချင်း မြှင့်တင်ရေးကိစ္စ။

(ဃ) ဆရာများ၏ ပညာ အရည် အချင်း သတ်မှတ်ရေး၊ မှတ်ပုံတင်ရေးနှင့် ဆရာအလုပ် ဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်စည်းပေးရေးကိစ္စ။

(င) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာကိစ္စ။

(စ) ကျောင်းသုံးစာအုပ်ကိစ္စ။

(ဆ) ကျောင်းစာကြည့်တိုက်နှင့် ပြတိုက်များကိစ္စ။

(ဇ) အခြေခံ ပညာသင် ကျောင်းများ ဖွင့်ခြင်း၊ ပိတ်ခြင်း၊ အဆင့်အတန်း မြှင့်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စစ်ဆေးခြင်းကိစ္စ။

(ဈ) ပြည်ထောင်စု မြန်မာနိုင်ငံ သားတိုင်း အခြေခံ ပညာကို သင်ကြားခွင့် ရရှိအောင် အစိုးရအပြင် ပြည်သူလူထုပါ ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများ စီစဉ် သတ်မှတ်ရေးကိစ္စ။

(ည) သင့်တော်သော အချိန်တွင် သင့်တော်သော ပညာအဆင့် အတန်းအထိ အခြေခံ ပညာကို မသင်မနေရ ပြဋ္ဌာန်းရေး ကိစ္စ။

(၂) အခြေခံပညာ တရပ်လုံးနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များသည် ချမှတ်ထားသည့် လမ်းညွှန်မှုများနှင့် ကိုက်ညီခြင်းရှိ မရှိ၊ နိုင်ငံတော်၏ တိုးတက်ရေးကို ထိရောက်စွာ အကျိုးပြုမှုရှိမရှိတို့ကို သုံးသပ်စစ်ဆေး ပြုပြင်ပေးရန်။

(၃) အခြေခံ ပညာရေးနှင့် ဆိုင်သော အစိုးရက လွှဲအပ်သည့်ကိစ္စများကို စဉ်းစားဆွေးနွေးရန်နှင့် သဘောထား တင်ပြရန်။

၆။ ။အခြေခံပညာရေး ကောင်စီသည်၊ ပုဒ်မ ၅ (ဂ) ပါ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သီးခြား အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်နိုင်သည်။

(က) အခြေခံ ပညာသင်ရိုး ညွှန်းတမ်း သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မီတီ။

(ခ) ဆရာအတတ်သင်ပညာကြီးကြပ်ရေးကော်မီတီ။

၇။ ။(က) အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မီတီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(၁) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊ ဌာန .... .... .... ဥက္ကဋ္ဌ။
(၂) ညွှန်ကြားရေးမှူး (ပညာရေး) အခြေခံ ပညာဦးစီးဌာန .... .... ဒုတိယဥက္ကဋ္ဌ။
(၃) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်း များမှ ကိုယ်စားလှယ်တစ်ဦး .... .... အဖွဲ့ဝင်။
(၄) ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ် အဖွဲ့ အဖွဲ့ဝင်။
(၅) ညွှန်ကြားရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ .... အဖွဲ့ဝင်။
(၆) ဒုတိယဥက္ကဋ္ဌ၊ မြန်မာစာကော်မီရှင် .... အဖွဲ့ဝင်။
(၇) စာတည်းမှူး၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန .... .... အဖွဲ့ဝင်။
(၈) ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်။
(၉) ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေး)၊ အခြေခံ ပညာဦးစီးဌာန .... အဖွဲ့ဝင်။
(၁၀) ဘာသာရပ်ဆိုင်ရာ အဖွဲ့ငယ် ဥက္ကဋ္ဌများ .... အဖွဲ့ဝင်။

(၁၁) အစိုးရခန့်ပုဂ္ဂိုလ်များ .... .... အဖွဲ့ဝင်။
(၁၂) ဒုတိယ ညွှန်ကြားရေးမှူး (ပညာရေး) အခြေခံပညာဦးစီးဌာန .... .... အတွင်းရေးမှူး။
(၁၃) လက်ထောက် ညွှန်ကြားရေးမှူး (သင်ရိုးနှင့်စာအုပ်)၊ အခြေခံပညာ ဦးစီးဌာန .... .... တွဲဖက် အတွင်းရေးမှူး။

(ခ) အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မီတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်စေရမည်—

(၁) ပုဒ်မ ၅ (ဂ) (၁) အရ၊ အခြေခံပညာရေး ကောင်စီကချမှတ်ပေးသည့်လမ်းညွှန်မှုများနှင့်လည်းကောင်း၊ ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့်လည်းကောင်း ညီညွတ်စေလျက်—

(က) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ ရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ပြင်ခြင်း၊
(ခ) ကျောင်းသုံး စာအုပ်များ ရေးသား ပြုစုထုတ်လုပ်ခြင်း၊
(ဂ) သင်ကြားမှု အထောက် အကူ ပစ္စည်းများ ထုတ်လုပ်ခြင်း၊
(ဃ) စာမေးပွဲမည်ကဲ့သို့ စစ်သင့်သည်ကို ထောက်ခံတင်ပြခြင်း။

(၂) သင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာ ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်—

(က) ဘာသာရပ်အလိုက်၊ သို့မဟုတ် ဘာသာရပ် အုပ်စုအလိုက် ဘာသာရပ်အဖွဲ့ ငယ်များဖွဲ့၍ ဆောင်ရွက်နိုင်သည်။
(ခ) ဒေသဆိုင်ရာ သင်ရိုးမာတိကာ အဖွဲ့များ ဖွဲ့စည်း၍ဆောင်ရွက်နိုင်သည်။

(၃) ကျောင်းသုံးစာအုပ် ရေးသားပြုစုခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်—

(က) ကျောင်းသုံးစာအုပ် ရေးသားပြုစုရေး၊ စိစစ်ရေး၊ အသိအမှတ်ပြုရေး စသည်တို့ကို ဆောင်ရွက်ရမည့် အဖွဲ့ငယ်များ ဖွဲ့စည်းနိုင်သည်။
(ခ) ယင်းအဖွဲ့ငယ်များ ဆောင်ရွက်ရမည့် လုပ်ငန်း စဉ်ကိုရေးဆွဲခြင်း၊ ပြင်ခြင်းများ ပြုလုပ်၍ အခြေခံပညာရေး ကောင်စီ၏ သဘောတူညီချက် အရ လိုက်နာ ဆောင်ရွက်ရမည်။

(ဂ) ဆရာအတတ်ပညာကြီးကြပ်ရေး ကော်မီတီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်—

(၁) ညွှန်ကြားရေးမှူးချုပ်၊အခြေခံပညာဦးစီးဌာန ... ဥက္ကဋ္ဌ။

(၂) ညွှန်ကြားရေးမှူး (ပညာရေး)၊ အခြေခံပညာဦးစီးဌာန .... .... ဒုတိယဥက္ကဋ္ဌ။

(၃) မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဦးဆောင်သော လူထုလူတန်းစား အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်တစ်ဦး .... .. အဖွဲ့ဝင်။

(၄) ညွှန်ကြားရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ညာရေး သုတေသနအဖွဲ့ .... .... အဖွဲ့ဝင်။

(၅) ပါမောက္ခချုပ်၊ ပညာရေးတက္ကသိုလ် .... အဖွဲ့ဝင်။

(၆) ပညာရေးတက္ကသိုလ်မှ ပါမောက္ခတစ်ဦး .... အဖွဲ့ဝင်။

(၇) ဆရာအတတ် ပညာကျောင်းအုပ်များ ကိုယ် ားလှယ်တစ်ဦး .... .... အ ဲ့ဝင်။

( ) အစိုးရ နှ် ဂ္ဂိုလ်များ .... .... အဖွဲ့ဝင်။

(၉) ဒုတိယ ညွှန်ကြ းရေးမှူး (ပညာရေး)၊ အ ခြေ ံ ည ဦးစီးဌာန .... .... အတွ င်းရေးမှူး။

(ဃ) ဆရာအတတ်ပညာကြီးကြပ်ရေးကော် ီတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ် စရမည်—

(၁) ပုဒ် ၅ ( ) (၁) အရ၊ အခြေခံ ညာ ေ းကောင်စီက ချမှတ်ပေးသည့် လမ်းညွှန်မှုများနှင့် လည်းကောင်း၊ ဤဥပဒေအရပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့် လည်းကောင်း ညီညွတ်စေလျက်—

(က) ဆရာအတတ်သ တန်းများ အတွက် သင် ိုးည ွှ်းတမ်းနှင့်သင်ရိုးမာတိကာ ရေးဆွဲ ပြင်ရေး၊

(ခ) ဆရာ အတတ်ပညာ သင်ကြားပို့ချ လေ့ကျင့်ရေး၊

(ဂ) ဆရာ အတတ်ပညာဆိုင်ရာ ကျောင်းသုံး စာအုပ် ရေးသားပြုစုရေး အသိအမှတ် ပြုရေးနှင့် ပြဋ္ဌာန်းရေး၊

(ဃ) ဆရာအတတ် သင်တန်းများအတွက် စာမေးပွဲများ စစ်ဆေးရေး၊

(င) အလုပ်ခွင်ရှိ ဆရာများ၏ သင်ကြားမှု စွမ်းရည် တိုးတက်ရေး၊

(စ) ဆရာများ၏ ပညာ အရည်အချင်း သတ်မှတ်ရေး၊

(ဆ) ဆရာများ မှတ်ပုံတင်ရေး၊

(ဇ) ဆရာ အလုပ်ဂုဏ်သိက္ခာ ထိန်းသိမ်း စောင့်စည်းပေးရေး။

(၂) အပိုဒ် (၁) (က)၊ (ခ)၊ (ဂ)နှင့် (ဃ)တို့တွင် ဖော်ပြထားသော လုပ်ငန်း တာဝန်များကို အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာနှင့် ကျောင်းသုံးစာအုပ် ကော်မီတီနှင့် လိုအပ်သလို ညှိနှိုင်း ဆောင်ရွက်ရမည်။ အခြား အဖွဲ့ငယ် များကိုလည်း လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

(၃) ဆရာအတတ်သင် သိပ္ပံနှင့် ကျောင်းများ ဖွင့်ရေး၊ ပိတ်ရေး၊ အရည်အချင်းပြည့် ဆရာ၊ အတတ်သင်ဆရာများ ရရှိရေးတို့နှင့် စပ်လျဉ်း၍ အခါ အားလျော်စွာ အခြေခံ ပညာရေး ကောင်စီကို အကြံဉာဏ် ပေးရမည်။

(၄) ဆရာအတတ်သင် သိပ္ပံနှင့် ကျောင်းများတွင် သင်ကြားမှု အဆင့်အတန်း တိုးတက်ရေး၊ ခေတ်မှီရေး၊ သင်ကြားမှု အထောက်အကူ ပစ္စည်းများ လုံလောက်စွာ ထားရှိရေး၊ သင်တန်းသားများ ကိုယ်တိုင် ထိုပစ္စည်းများကို တီထွင် ထုတ်လုပ်နိုင်အောင် သင်ကြားပေးရေး၊ ဆရာအတတ်သင် ဆရာများ သုတေသန ပြုလုပ်ရေးတို့ကို ကြီးကြပ်ရမည်။

(၅) စစ်ဆေးရေး အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းလျက်၊ ဆရာ အတတ်သင် သိပ္ပံနှင့် ကျောင်းများကို အခါအားလျော်စွာ စစ်ဆေး စေ၍ အကြံဉာဏ်များ ပေးစေရမည်။

၈။ ။အခြေခံ ပညာရေး ကောင်စီနှင့် ယင်းလက်အောက်ခံ အဖွဲ့များပါ ရာထူးအရ မဟုတ်သည့် အဖွဲ့ဝင်များ သက်တမ်းသည် သုံးနှစ်ဖြစ်စေရမည်။

## အခန်း ၅

## အခြေခံပညာရေး စီမံခန့်ခွဲမှု

၉။ ။ပညာရေး ဝန်ကြီးဌာနသည်၊ အခြေခံ ပညာရေး ကောင်စီနှင့် ယင်းလက်အောက်ခံအဖွဲ့များ၏ အကူအညီဖြင့် အခြေခံပညာရေး စီမံခန့်ခွဲမှုကို ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် သင့်တော်သလို ညှိနှိုင်းနဲ့ဝေ ဆောင်ရွက်သွားရမည်။

၁၀။ ။အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှါ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ အမိန့် ကြော်ငြာစာများ၊ သို့မဟုတ် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း ပြုနိုင်သည် ။

၁၁။ ။၁၉၆၆ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေ အမှတ်(၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။